**WIPOFile System ဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားရာတွင် ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်းတောင်းဆိုခြင်း၊ ဦးစားပေးအခွင့်အရေးတောင်းဆိုခြင်းနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုခြင်းတို့ကို တောင်းဆိုလိုပါက တောင်းဆိုမည့်စာတွင် ပါဝင်ရမည့် အချက်အလက်များ**

ရက်စွဲ။ ၁၈ – ၃ – ၂၀၂၄

၁။ မှတ်ပုံတင်အရာရှိ၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်သို့ လိပ်မူရမည်။

၂။ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းလိုကြောင်း တောင်းဆိုခြင်းအတွက် ပူးတွဲပါပုံစံ (က) ကို အသုံးပြု၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ တင်ပြရမည်။

၃။ ဦးစားပေးအခွင့်အရေးတောင်းဆိုလိုပါကပူးတွဲပါ ပုံစံ (ခ) ကို အသုံးပြု၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ တင်ပြရမည်။ ထို့ပြင် ယခင်လျှောက်ထားချက် မိတ္တူမှန်ကို **"ပူးတွဲတင်ပြပါသည်"** (သို့မဟုတ်) **"လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်"** ကို ရေးသားဖော်ပြရမည်။ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားသူသည် ယခင်လျှောက်ထားချက်တွင် ပါရှိသည့် လျှောက်ထားသူမဟုတ်လျှင် ယခင်လျှောက်ထားသူက ဦးစားပေးအခွင့်အရေးကို လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြကြောင်း ရေးသားဖော်ပြရမည်။

၄။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုလိုပါ ကပူးတွဲပါပုံစံ (ဂ) ကို အသုံးပြု၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ တင်ပြရမည်။ ထို့ပြင် စက်မှုဒီဇိုင်းကို ကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည်ပြပွဲဆိုင်ရာ အာဏာပိုင်များမှ ထုတ်ပေးသော အသိအမှတ်ပြုအထောက်အထားကို **"ပူးတွဲတင်ပြပါသည်"** (သို့မဟုတ်) **"လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်"** ကို ရေးသားဖော်ပြရမည်။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက် လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသူမဟုတ်လျှင် ယင်းကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ပထမဆုံး ခင်းကျင်းပြသသူက လွှဲပြောင်းထားသည့် စာရွက်စာတမ်းအထောက်အထားများကို ပူးတွဲ

တင်ပြပါကြောင်း ရေးသားဖော်ပြရမည်။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်နှင့်စပ်လျဉ်း၍ ကုန်စည်ပြပွဲ စတင်ပြသသည့် နေ့ရက်နှင့် ယင်းကုန်စည် ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသည့်နေ့ရက်သည် မတူညီလျှင် အဆိုပါ နေ့ရက်အသီးသီးအတွက် အထောက်အထားများကို တင်ပြပါကြောင်း ရေးသားဖော်ပြရမည်။

၅။ လျှောက်ထားသူ/ကိုယ်စားလှယ်၏ အမည်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ရေးသားဖော်ပြပြီး လက်မှတ်ရေးထိုး တင်ပြရမည်။

**မှတ်ချက်။** **စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအတွက် WIPOFile System အရ ဖြည့်သွင်းရန်သတ်မှတ်ထားသည့် အချက်အလက်များကို ဖြည့်သွင်းပြီး မိမိ တောင်းဆိုသည့် ကိစ္စရပ်အတွက် သက်ဆိုင်သည့် တောင်းဆိုစာကို Supporting Document အနေဖြင့် ပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။ တောင်းဆိုမည့်စာများကို A4 စာရွက်ဖြင့် ရေးသားဖော်ပြရမည်။**

**မူပိုင်ခွင့်ဦးစီးဌာန**

သို့

မှတ်ပုံတင်အရာရှိ

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ထုတ်ပြန်ကြေညာခြင်းကိုရွှေ့ဆိုင်းပေးရန် တောင်းဆိုခြင်း**

လျှောက်ထားသူ ------------------- ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အဖွဲ့အစည်း မှတ်ပုံတင်အမှတ် ----------------------- မှ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသည့် စက်မှုဒီဇိုင်းအမှတ်စဉ် -------- ၊ ထုတ်ကုန်အမျိုးအစား နှင့် အမျိုးအစားခွဲ ———— ၊ ထုတ်ကုန်၏အညွှန်း ------------------------------ အား ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလိုပါသည်။ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုသည့် စက်မှုဒီဇိုင်း၏အချက်အလက်များအား အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည်-

| **ရွှေ့ဆိုင်းလိုသည့် စက်မှုဒီဇိုင်းအမှတ်စဉ်** | **ရွှေ့ဆိုင်းလိုသည့် ကာလ** |
|---|---|
| | |
| | |
| | |

လက်မှတ် -

လျှောက်ထားသူ/ကိုယ်စားလှယ်အမည် -

နေရပ်လိပ်စာ -

ဖုန်းနံပါတ် -

သို့

မှတ်ပုံတင်အရာရှိ

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ဦးစားပေးအခွင့်အရေးတောင်းဆိုခြင်း**

၁။ လျှောက်ထားသူ --------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အဖွဲ့အစည်း မှတ်ပုံတင်အမှတ် ---------------- မှ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသည့် စက်မှုဒီဇိုင်း အမှတ်စဉ် --------၊ ထုတ်ကုန်အမျိုးအစားနှင့်အမျိုးစားခွဲ --------၊ ထုတ်ကုန်၏အညွှန်း ------------ အား ဦးစားပေးအခွင့်အရေး တောင်းဆိုလိုပါသည်။ ဦးစားပေးအခွင့်အရေးတောင်းဆိုသည့် စက်မှုဒီဇိုင်း ၏ ယခင်လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အချက်အလက်များအား အောက်ဖော်ပြပါ အတိုင်း တင်ပြအပ်ပါသည်-

| စက်မှုဒီဇိုင်း အမှတ်စဉ် | ယခင်လျှောက်ထား သည့် နိုင်ငံအမည်နှင့်ရုံး | ယခင်လျှောက်ထားသည့် လျှောက်ထားချက်နံပါတ် | ယခင်လျှောက် ထားသည့်နေ့ရက် |
|---|---|---|---|
| | | | |
| | | | |

၂။ (က) ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် စက်မှုဒီဇိုင်းနှင့်စပ်လျဉ်းသည့် ယခင် လျှောက်ထားချက်မိတ္တူမှန်ကို ပူးတွဲတင်ပြအပ်ပါသည်။ (သို့မဟုတ်) လျှောက် ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့ပါမည်။

(ခ) ယခင်လျှောက်ထားသူက ဦးစားပေးအခွင့်အရေးကို လွှဲပြောင်းထားသည့် စာရွက် စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

လက်မှတ် -

လျှောက်ထားသူ/ကိုယ်စားလှယ်အမည် -

နေရပ်လိပ်စာ -

ဖုန်းနံပါတ် -

(မှတ်ချက်။ (၁) ဦးစားပေးအခွင့်အရေးတောင်းဆိုသည့် စက်မှုဒီဇိုင်းနှင့်စပ်လျဉ်းသည့် ယခင်လျှောက်ထားချက်မိတ္တူမှန်ကို ပူးတွဲတင်ပြပါက **"ပူးတွဲတင်ပြပါကြောင်း"** (သို့မဟုတ်) လျှောက်ထားသည့်နေ့မှ သုံးလအတွင်း တင်ပြမည်ဆိုပါက **"လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့မည်ဖြစ်ကြောင်း"** ကို အပိုဒ် (၂)(က) တွင် ရေးသားဖော်ပြရမည်။

(၂) ဦးစားပေးအခွင့်အရေးတောင်းဆိုလျှောက်ထားသူသည် ယခင်လျှောက်ထားချက်တွင်ပါရှိသည့် လျှောက်ထားသူမဟုတ်လျှင် အပိုဒ်(၂)(ခ) အား ရေးသားဖော်ပြရမည်။)

သို့

မှတ်ပုံတင်အရာရှိ

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးတောင်းဆိုခြင်း**

၁။ လျှောက်ထားသူ --------------၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အဖွဲ့အစည်း မှတ်ပုံတင်အမှတ် ---------------- မှ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသည့် စက်မှုဒီဇိုင်း အမှတ်စဉ် --------၊ ထုတ်ကုန်အမျိုးအစားနှင့်အမျိုးစားခွဲ--------၊ ထုတ်ကုန်၏အညွှန်း ---- -------အား ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုလိုပါသည်။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးတောင်းဆိုသည့် စက်မှုဒီဇိုင်း၏အချက်အလက်များအား အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည်-

| စက်မှုဒီဇိုင်း အမှတ်စဉ် | ခင်းကျင်းပြသသည့် ကုန်စည်ပြပွဲအမည် | ကုန်စည်ပြပွဲကျင်းပသည့် နေရာ (နိုင်ငံအမည်) | စတင်ခင်းကျင်းပြသ သည့် နေ့ရက် |
|---|---|---|---|
| | | | |
| | | | |

၂။ (က) စက်မှုဒီဇိုင်းကိုကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည် ပြပွဲဆိုင်ရာအာဏာပိုင်မှ ထုတ်ပေးသော အသိအမှတ်ပြု အထောက်အထားကို ပူးတွဲ တင်ပြအပ်ပါသည်။ (သို့မဟုတ်) လျှောက်ထားသည့်နေ့မှ (၃) လအတွင်း ပေးပို့ပါမည်။

(ခ) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ပထမဆုံးခင်းကျင်းပြသသူက လွှဲပြောင်းထားသည့် စာရွက်စာတမ်းအထောက်အထားများကို ပူးတွဲတင်ပြ အပ်ပါသည်။

(ဂ) ကုန်စည်ပြပွဲစတင် ပြသသည့်နေ့ရက်နှင့် ယင်းကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံး အများပြည်သူသို့ ခင်းကျင်းပြသသည့်နေ့ရက်သည် မတူညီ၍ အဆိုပါ နေ့ရက်အသီးသီးအတွက် အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

| | |
|---|---|
| လက်မှတ် | - |
| လျှောက်ထားသူ/ကိုယ်စားလှယ်အမည် | - |
| နေရပ်လိပ်စာ | - |
| ဖုန်းနံပါတ် | - |

(မှတ်ချက်။ (၁) စက်မှုဒီဇိုင်းကို ကုန်စည်ပြပွဲတွင် အမှန်တကယ် ထုတ်ဖော်ပြသခဲ့ကြောင်း ကုန်စည်ပြပွဲဆိုင်ရာအာဏာပိုင်မှ ထုတ်ပေးသော အသိအမှတ်ပြု အထောက်အထားကို ပူးတွဲတင်ပြပါက **"ပူးတွဲတင်ပြပါကြောင်း"** (သို့မဟုတ်) လျှောက်ထားသည့်နေ့မှသုံးလအတွင်း တင်ပြမည်ဆိုပါက **"လျှောက်ထားသည့်နေ့မှသုံးလအတွင်း ပေးပို့မည်ဖြစ်ကြောင်း"** ကို အပိုဒ်(၂)(က) တွင် ရေးသားဖော်ပြရမည်။

(၂) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုချက် လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံးအများပြည်သူသို့ ခင်းကျင်းပြသသူမဟုတ်ပါက အပိုဒ် ၂ (ခ) အား ရေးသားဖော်ပြရမည်။

(၃) ကုန်စည်ပြပွဲစတင်ပြသသည့် နေ့ရက်နှင့် ယင်းကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ပထမဆုံး အများပြည်သူသို့ ခင်းကျင်းပြသသည့်နေ့ရက်သည် မတူညီလျှင် အပိုဒ် ၂ (ဂ) အား ရေးသားဖော်ပြရမည်။ )